

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

## HR-HQ VA No. 130 – Field Supervisor

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## ကွင်းဆင်းကြီးကြပ်ရေးမှူး

| | | |
|---|---|---|
| အရေအတွက် | : | (၁) ဦး |
| အစီရင်ခံတင်ပြမှု | : | ကွင်းဆင်းအရာရှိ |
| ဌာန | : | ကျန်းမာရေးဌာန |
| စီမံကိန်း | : | အရေးပေါ်အခြေအနေတွင်ကျန်းမာပြီးကြံ့ကြံ့ခံနိုင်စွမ်းရှိသော ရပ်ရွာလူထုဖြစ်လာစေရန် တည်ဆောက်ခြင်းစီမံချက် |
| တာဝန်ကျရာနေရာ | : | လှိုင်လင်မြို့နယ် |
| အဆင့် | : | C-2 |
| အကျိုးခံစားခွင့်များ | : | လစာ+ ရှောင်တခင်ခွင့်+ လုပ်သက်ခွင့်+ ဆေးလက်မှတ်ခံစားခွင့်+ မီးဖွားခွင့် +နာရေးခွင့်+ ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ+ စွမ်းဆောင်ရည်မြင့် သင်တန်းများ+ နေထိုင်စရိတ်နှင့်ရှားပါးစရိတ် |
| လျှောက်လွှာပိတ်ရက် | : | ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ( ၀၁ ) ရက်၊ (၁၆:၃၀)နာရီ |

### စီမံကိန်း/စီမံချက်အကြောင်းအကျဉ်းချုံး

စီမံကိန်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ချမှတ်ထားသော မဟာဗျူဟာ ၂၀၂၅ နှင့်ချိန်ညှိ၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ချမှတ်ထားသော မဟာဗျူဟာ အစီအစဉ် ၂၀၂၀-၂၀၂၅ အား အခြေပြုပါသည်။ စီမံကိန်း၏ မျှော်မှန်းချက်မှာ အရေးပေါ်အခြေအနေ ပြည်သူ့ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်များ၏ အကျိုးရလာဒ်များဖြစ်သည့် ဦးစားပေးကူးစက်ရောဂါများနှင့် ပတ်သက်ဆက်နွယ်သည့် ရောဂါဖြစ်ပွားနှုန်း၊ သေဆုံးနှုန်းများ လျော့ကျလာစေရန်၊ မိခင်နှင့်ကလေးကျန်းမာရေးနှင့် လိင်နှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာများမြှင့်တက်လာစေရန်၊ ကြက်ခြေနီအသင်းခွဲများနှင့် လူထုများ၏စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းအားဖြင့် ကျန်းမာရေးနှင့်သန့်ရှင်းရေး မြင့်မားလာစေရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ၂၀၁၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ပံ့ပိုးမှုဖြင့် လူထုအခြေပြု

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*

စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် စီမံကိန်းများအား တာဝန်ယူဆောင်ရွက်ခဲ့ရခြင်း၏ရည်ရွယ်ချက်မှာ လတ်တလောတွင် ဖြစ်နိုင်ခြေရှိသည့် ကျန်းမာရေးနှင့် သဘာဝဘေးဆိုင်ရာထိခိုက်နိုင်ခြေရှိသည့် ပြည်သူလူထုမှကြံ့ကြံ့ခိုင်နိုင်စွမ်း ပိုမိုမြင့်မားလာစေရန်ဖြစ်ပါသည်။ အဓိကတာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများတွင် ထိခိုက်နိုင်ခြေမြင့်မားသည့် ကျေးလက်နှင့် မြို့ပြများတွင် သဘာဝဘေးဖြစ်ပွားနိုင်ခြေလျှော့ချခြင်း၊ လိုအပ်ချက်များ ဖော်ထုတ်ထားသော နေရာဒေသများရှိ လူထုများ၊ စာသင်ကျောင်းများတွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လူထုခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းလုပ်ငန်းများ ပါဝင်ပါသည်။

## ရည်ရွယ်ချက်

**မြန်မာနိုင်ငံကြက်ခြေနီအသင်း၏** မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၏ မူဘောင်အတွင်းမှ ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူများအား လေးစားလိုက်နာခြင်းအားဖြင့် စီမံကိန်းကွင်းဆင်းကြီးကြပ်ရေးမှူးသည် ဦးတည်ကျေးရွာများတွင် ချမှတ်အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ စီမံချက်အရာရှိအား အကူအညီပေးကာ ဒေသခံအာဏာပိုင်အဖွဲ့အစည်းများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

## လုပ်ငန်းနှင့်တာဝန်များ

**အစီအစဉ်ရေးဆွဲခြင်း**

(၁) ရွာများတွင် လစဉ်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအား သက်ဆိုင်ရာကွင်းဆင်းအရာရှိထံသို့ အစီရင်ခံစာတင်ပြရမည်။

(၂) ဦးတည်ကျေးရွာများတွင် ပံ့ပိုးမည့်ပစ္စည်းများ အမှန်တကယ်လိုအပ်သော ကျေးရွာများတွင်ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(၃) စီမံကိန်းဝင်ကျေးရွာများတွင် ကျေးရွာရှေ့လုပ်ငန်းစဉ်များရေးဆွဲနိုင်ရန် ကျေးရွာကျန်းမာရေးကော်မတီနှင့် စေတနာ့လုပ်အားရှင်များအား ပံ့ပိုးကူညီပေးရမည်။

(၄) အမျိုးနှင့်ဆိုင်သော ကျန်းမာရေးရန်ပုံငွေများကို မိမိဒေသအတွင်း ဦးစားပေးဆောင်ရွက်ရမည့် ကျန်းမာရေးလုပ်ငန်းများတွင် ထိရောက်စွာ အသုံးပြုနိုင်ရန် စီစဉ်ပေးရမည်။

## လုပ်ငန်းများကြီးကြပ်ခြင်းနှင့် နှိုးဆော်ထိန်းသိမ်းခြင်း

(၅) ကွင်းဆင်းကြီးကြပ်ရေးမှူးသည် ကွင်းဆင်းအရာရှိနှင့်မြို့နယ်ကြက်ခြေနီအသင်းတို့၏ လမ်းညွှန်မှုကိုခံယူ၍ ကျေးရွာများတွင် စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရမည်။

(၆) လစဉ် စေတနာလုပ်အားရှင်များအား ကျန်းမာရေးပညာပေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပုံမှန်လေ့ကျင့်သင်ကြားပြသပေးရမည်။

(၇) ဒေသခံပြည်သူများ၏ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖော်ထုတ်၍ ကူညီပံ့ပိုးမှု အထူးပေးသင့်သောသူများအား ကျန်းမာရေးလုပ်ငန်းများ၊ ရှေးဦးပြုစုခြင်းလုပ်ငန်းများနှင့် သဘာဝဘေးကာကွယ်တားဆီးရေးနှင့်တုန့်ပြန်မှုများကို ဦးစားပေးလုပ်ငန်းများ သတ်မှတ်ရာတွင် ဦးဆောင်ရပါမည်။

(၈) ကျေးရွာရှေ့လုပ်ငန်းစဉ်များအား သတ်မှတ်ချက်အတိုင်း အကောင်အထည်ဖော်နိုင်ရန် လိုအပ်သောကူညီပံ့ပိုးမှုများပေးရမည်။

(၉) ကျေးရွာကျန်းမာရေးကော်မတီ၊ စေတနာလုပ်အားရှင်များအား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရန် သင်တန်းများပေးခြင်းတွင် ပံ့ပိုးကူညီပေးရမည်။

(၁၀) စီမံချက်လုပ်ငန်းများ ရေရှည်တည်တံ့စေရန် ဒေသများရှိလူထုများအား စည်းရုံးလှုံ့ဆော်ခြင်းလုပ်ငန်းများ ပြုလုပ်တတ်စေရေး အကူအညီပေးရမည်။

(၁၁) ကျေးရွာအတွင်း တိုးတက်ပြောင်းလည်းလဲမှုများ၊ အခက်အခဲများ၊ လိုအပ်ချက်များအား လစဉ်ကွင်းဆင်းကြီးကြပ်ပေးရမည်။

(၁၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာကျန်းမာရေးကော်မတီ၊ ကျေးရွာရှိအခြားအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရမည်။

(၁၃) ရုံးလုပ်ငန်းဖိုင်တွဲများ ပစ္စည်းဖြန့်ဝေမှုစာရင်းများကို စနစ်တကျထိန်းသိမ်းခြင်း မှတ်တမ်းမှန်မှန်ရေးသွင်းခြင်းများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

(၁၄) ကွင်းဆင်းကြီးကြပ်ရေးမှူးသည် လူထုအခြေပြုကျန်းမာရေးနှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း ပိုမိုမြင့်မားရေးစီမံကိန်း၏ လုပ်ငန်းအစီအစဉ်ရေးဆွဲရေး၊ အကောင်အထည်ဖော်ရေးနှင့် ဆန်းစစ်လေ့လာရေးလုပ်ငန်းများကို ကျေးရွာအဆင့်တွင် အဓိက တာဝန်ယူဆောင်ရွက်ရမည်။

(၁၅) ကွင်းဆင်းအရာရှိမှ တာဝန်ပေးသော တာဝန်များအား တာဝန်ယူဆောင်ရွက်ပေးရမည်။

(၁၆) မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒေရေးရှင်းတို့၏ ကွင်းဆင်းကြီးကြပ်ရေးခရီးစဉ်များ၊ စာရင်းစစ်ဆေးခြင်းအပါအဝင် နည်းပညာပံ့ပိုးမှုခရီးစဉ်များတွင် လိုအပ်သလို ပြင်ဆင်ဆောင်ရွက်၍ လိုက်ပါဆောင်ရွက်ရမည်။

**အစီရင်ခံစာပေးပို့ခြင်း**

(၁၇) ကွင်းဆင်းအရာရှိထံသို့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ (လစဉ်နှင့်၃လပတ်)ကို သတ်မှတ်ချိန်အတွင်း ပေးပို့တင်ပြရမည်။

(၁၈) ကျေးရွာမှ လစဉ်အစီရင်ခံစာများအား သေချာစွာစီစစ်သုံးသတ်ပြီး အားသားချက်အားနည်းချက် လိုအပ်ချက်များအား ကျေးရွာနှင့်ကွင်းဆင်းအရာရှိသို့ လစဉ်သတင်းပေးပို့ရမည်။

(၁၉) မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုလမ်းညွှန်ကို လိုက်နာရမည်

- ဘတ်ဂျက်ကို ရေးဆွဲထားသော လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ အသုံးပြုခြင်း
- ဘဏ္ဍာရေးစီမံခန့်ခွဲမှုအပိုင်းတွင် ငွေကြေးကိုင်တွယ်သူအဖြစ်တာဝန်ယူဆောင်ရွက်ခြင်း
- စီမံချက်ရန်ပုံငွေများနှင့် စီမံချက်ပိုင်ပစ္စည်းများကို လွဲမှားစွာအသုံးမပြုရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း
- လစဉ်ဘဏ္ဍာရေးအစီရင်ခံစာနှင့် မူရင်းဘောက်ချာများကို ကွင်းဆင်းအရာရှိသို့ သတ်မှတ်ချိန်အတွင်း ပေးပို့တင်ပြခြင်း

<u>လိုအပ်သောအရည်အချင်းများ</u>

- **တက္ကသိုလ်ဝင်တန်း တက်ရောက်ဖူးသူဖြစ်ရမည်။**
- လူထုအခြေပြုလုပ်ငန်းများတွင် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- ကွန်ပျူတာအခြေခံ ကျွမ်းကျင်သူဖြစ်ရမည်။
- ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူ ဖြစ်ရမည်။
- စီမံချက်လုပ်ငန်းများကို ထိထိရောက်ရောက်နှင့် အချိန်ပြည့်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အင်္ဂလိပ်စာ ရေးသားပြောဆိုတတ်သူကို ဦးစားပေးမည်။
- မော်တော်ဆိုင်ကယ်အား ကျွမ်းကျင်စွာနှင့်လုံခြုံစိတ်ချစွာ မောင်းနှင်နိုင်သူဖြစ်ရမည်။
- သက်တမ်းမကုန်သေးသော ယာဉ်မောင်း လိုင်စင်ရှိရမည်။
- မြန်မာစာအား ကောင်းမွန်စွာ ရေးသားပြောဆိုတတ်သူဖြစ်ရမည်။
- ပအို့(ဝ်)နှင့်ရှမ်းစကားတတ်သူကိုသာ ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် စေတနာ့လုပ်အားရှင်အဖြစ် ပါဝင်ဆောင်ရွက်ဖူးသူကို ဦးစားပေးမည်။





**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်-**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးချုပ်**
**ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊**
**နေပြည်တော်။**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ရုံးခွဲ**
**အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်။**

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*